
ငါ့မှာ
သတိုးစနစ်ရှိတယ်
(ရှန်းယွီ)
(စာစဉ်-၄၁)
Translator - Sunlight Team

# အခန်း ၄၇၉

*

ရှန်းယွီသည် သူ၏ ပြန်လည်သတ်မှတ်ခြင်းအပြီးတွင် ခန္ဓာကိုယ်ကျင့်ကြံခြင်း ၄၁ လွှာသို့ ရောက်ရှိနေပြီဖြစ်သည်။

သူ၏ ခန္ဓာနှစ်ခုကြားမှ ပြင်းထန်သော တိုက်ပွဲက သူ့ကို ၄၄ လွှာအထိ တွန်းပို့ပေးခဲ့ပြီး ယခု ကြယ်တာရာခန္ဓာအောင်မြင်မှုအပြီးတွင်မူ ၄၆ လွှာသို့ပင် ဆိုက်ရောက်လာခဲ့ပြီ ဖြစ်သည်။

သူ၏ ရုပ်ပိုင်းဆိုင်ရာ ခွန်အားမှာ တကယ်ပင် ထိန်းမနိုင်သိမ်းမရ ဖြစ်လာသည်။

အခြားအကျိုးကျေးဇူးတစ်ခုမှာလည်း ထွက်ပေါ်လာခဲ့သည်။ သူ၏ တုံ့ပြန်မှုစွမ်းဆောင်ရည်မှာ ဆယ်ဆထက်မက မြင့်တက်လာခြင်းကြောင့် သူ၏ သွေးမျိုးဆက်များမှာ မကြုံစဖူးနှုန်းထားဖြင့် တိုးတက်လာခြင်းပင်။

ကျားဖြူနှင့် နဂါးသွေးမျိုးဆက်များမှာ ဤကဲ့သို့ လျင်မြန်သော တိုးတက်မှုကြောင့် သူ၏ ခန္ဓာကိုယ်ကို စတင်လှုံ့ဆော်ပေးလာသည်။ ထိုလှုံ့ဆော်မှုမှာ ပို၍ပို၍ ပြင်းထန်လာပြီးနောက်... သူသည် ခန္ဓာကိုယ်ကျင့်ကြံခြင်း ၄၇ လွှာသို့ အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့သည်။

လိပ်နက်နှင့် ဖီးနစ်သွေးမျိုးဆက်များကလည်း အဆင့်မြှင့်တင်ပြီးနောက် ဉာဏအလင်းပွင့်မှုအတွက် အတွေ့အကြုံမှတ်များကို ပံ့ပိုးပေးခဲ့ကြသည်။

ကြယ်တာရာခန္ဓာအောင်မြင်မှုမှရသော အတွေ့အကြုံမှတ်များနှင့် ပေါင်းစပ်လိုက်သောအခါ သူသည် မသေမျိုးဉာဏ်အလင်းပွင့်မှုသို့ ရောက်ရန် အမှတ်အနည်းငယ်သာ လိုတော့သည်။ ယနေ့အတွင်းမှာပင် အဆင့်တက်သွားဖွယ်ရှိနေသည်။

သူ ဤတိုးတက်မှုများကို ဆင်ခြင်နေစဉ်မှာပင် ဒုတိယမြောက် တုံ့ပြန်မှုစတင်လာခဲ့သည်။

"ဟုတ်သားပဲ မေ့တော့မလို့"

သူတွေးကာ စွမ်းအင်များကို လှည့်ပတ်လိုက်သည်။

သူသည် ထူးကဲသာလွန်သော တာအိုခန္ဓာအဆင့်တက်ရန် ပြင်ဆင်သည့်အနေဖြင့် ကြယ်တာရာခန္ဓာ အဆင့်တက်စဉ်က ကျန်ရှိနေသော ကြမ်းတမ်းသည့် စွမ်းအင်များကို ငြိမ်သက်အောင် လုပ်ဆောင်ရန် လိုအပ်သည်။

ယခင်ကကဲ့သို့ပင် သူ၏ ခန္ဓာကိုယ်မှာ ပိုမိုကြီးမြတ်သော အရာတစ်ခုအဖြစ် ပြောင်းလဲရန်အတွက် ပြန်လည်ဖွဲ့စည်းမှုများ စတင်လာသည်။

ဤအသွင်ပြောင်းလဲမှု ဖြစ်ပေါ်နေစဉ်မှာပင် ရှန်းယွီသည် အလင်းရောင်စုံများ စုဆုံနေသည့် အလွန်တောက်ပသော ဟင်းလင်းပြင်တစ်ခုအတွင်း လွင့်မျောနေသည်ကို ရုတ်တရက် တွေ့ရှိလိုက်ရသည်။

သူ ဤနေရာကို ချက်ချင်းမှတ်မိလိုက်သည်။

သူ ဉာဏ်အလင်းပွင့်သည့် အခြေအနေသို့ ရောက်ရှိသွားခြင်းပင်။

ထူးကဲသာလွန်သော တာအိုခန္ဓာက သူ၏ ဉာဏ်အလင်းပွင့်မှုကို အဆင့်တက်ရန် နောက်ဆုံးလိုအပ်ချက်အဖြစ် တွန်းအားပေးလိုက်ပုံပင်။

သူသည် အချိန်မဖြုန်းဘဲ တရားထိုင်သည့် အနေအထားသို့ အမြန်ဝင်ရောက်လိုက်သည်။

လုပ်ဆောင်စရာများစွာ ရှိနေသဖြင့် သူသည် တစ်စက္ကန့်မျှပင် အလဟဿ အဖြစ်မခံဝံ့ပေ။

သူသည် ဤဉာဏ်အလင်းပွင့်သည့် အခြေအနေကို အသုံးပြု၍ အကြွင်းမဲ့ အစပြုရာသဘောတရားကို ချောင်းကြည့်ရန် ကြိုးစားချင်သော်လည်း ၎င်းကို ပြန်လည်သတိမှတ်ခြင်းပြီးပြီးချင်း ချက်ချင်းမရဘဲ နောက်ကျမှ ရရှိခဲ့ခြင်းဖြစ်သဖြင့် မဖြစ်နိုင်တော့ပေ။ ဤသည်မှာ တကယ့်ကို ဆုံးရှုံးမှုတစ်ခုဟု ဆိုနိုင်သည်။

လက်ရှိတွင်တော့ ထိုအကြောင်းကို သူ မတွေးတော့ရန် ဆုံးဖြတ်လိုက်သည်။

ပထမဦးစွာ သူသည် အလွန်အမင်း အာရုံစူးစိုက်မှုအတွင်းသို့ ဝင်ရောက်ကာ သူ၏ သုတေသနပညာရှင်အလုပ်အကိုင်ကို အာရုံစိုက်လိုက်သည်။ ရှေ့ဆက်ရမည့် လမ်းစတစ်ခု ရှိနေမည်မှာ သေချာသည်ဟု သူ ယုံကြည်သည်။ အကယ်၍ မရှိလျှင်ပင် သူကိုယ်တိုင် ဖန်တီးယူမည်ဟု ယုံကြည်မှု ရှိနေသည်။

သူသည် ကံကြမ္မာ၊ စနစ်တကျရှိမှုနှင့် ကံကြမ္မာကဲ့သို့သော သဘောတရားများကို အာရုံစိုက်ကာ ၎င်းတို့ မည်သို့အလုပ်လုပ်သည်ကို ခွဲခြမ်းစိတ်ဖြာသည်။

သူသည် သုတေသနပညာရှင်အလုပ်အကိုင်ကို ထိုအရာများပေါ်တွင် တိုက်ရိုက်အခြေခံလိုခြင်း မဟုတ်သော်လည်း ဗဟုသုတများ ရယူစုဆောင်းခြင်းဆိုင်ရာ သိမြင်မှုများကို လိုချင်နေခြင်းပင်။ သူသည် ထိုနိယာမများကို အသေအချာ လေ့လာပြီးနောက် တန်ဖိုးဖြတ်

ခြင်းကဲ့သို့သော အလုပ်အကိုင်များတွင် ၎င်းတို့ မည်သို့ အလုပ်လုပ်သည်ကို အနက်ဖွင့်ကြည့်သည်။

ဤခွဲခြမ်းစိတ်ဖြာမှုကို အပြီးသတ်ပြီးနောက် သူသည် ထိုဗဟုသုတအားလုံးကို စုစည်းကာ သုတေသနပညာရှင်အလုပ်အကိုင်ကို အသစ်ပြန်လည် ရေးသားတော့သည်။ ဖြစ်နိုင်ခြေအသစ်များကို ဖွင့်လှစ်နိုင်မလားဆိုသည်ကို သူ ဖြည်းဖြည်းချင်း စမ်းသပ်ကြည့်သည်။ ပြန်လည်ရေးသားနေစဉ်အတွင်း လမ်းပိတ်သွားသည့်အခါတိုင်း သူသည် ရေးသားထားသမျှကို ဖျက်ပစ်ကာ အစမှ ပြန်လည်ရေးသားရသည်။

သူသည် အမျိုးမျိုးသော ကိန်းရှင်များနှင့် ပေါင်းစပ်မှုများကို စမ်းသပ်ကာ သူ၏ ဦးနှောက်အတွင်း၌ သန်းနှင့်ချီသော စမ်းသပ်ချက်များကို မောင်းနှင်နေသည်။

ကံကောင်းထောက်မစွာဖြင့် ဤဉာဏ်အလင်းပွင့်သည့် အခြေအနေတွင် သူ၏ စဉ်းစားတွေးခေါ်နိုင်စွမ်းမှာ အလွန်မြင့်မားလှသည်။ သူ၏ လက်ရှိ မသေမျိုးအဆင့် ဉာဏ်အလင်းပွင့်မှုထက်ပင် များစွာ သာလွန်နေသေးသည်။

၎င်းမှာ ကောင်းကင်ဘုံအဆင့် လား သို့မဟုတ် ထို့ထက် ကျော်လွန်နေသလားဆိုသည်ကို သူ မသိသလို လက်ရှိအချိန်တွင်လည်း ထိုအရာက အရေးမကြီးပေ။

သူသည် ထိုအလုပ်အကိုင်ကို အကြိမ်ကြိမ် အဖန်ဖန် ပြန်လည်ရေးသားနေရင်း ရုတ်တရက် တစ်ခုခု ပွင့်ထွက်သွားခဲ့သည်။

သူ့ရှေ့တွင် လမ်းစတစ်ခု ပွင့်လာသည်ကို သူ မြင်တွေ့လိုက်ရသည်။

ရှေ့တွင် တစ်ခုခု ရှိနေသည်။

ဤသည်မှာ…

[သင်သည် သုတေသနပညာရှင်အလုပ်အကိုင်အတွက် လမ်းစသစ်တစ်ခုဖြစ်သော အမှန်တရားရှာဖွေသူကို ဖန်တီးနိုင်ခဲ့သည်။ ဆုလာဘ်တစ်ခုကို

ရွေးချယ်ပါ]

[၁: ရှိရင်းစွဲ စနစ်လုပ်ဆောင်ချက်တစ်ခုကို အဆင့်မြှင့်တင်ရန်]

[၂: စနစ်လုပ်ဆောင်ချက်အသစ်တစ်ခုကို ဖွင့်လှစ်ရန်]

...

ရှန်းယွီသည် ထိုအကြောင်းကြားစာကို မြင်သောအခါ မျက်လုံးများ ဝင်းလက်သွားသော်လည်း ချက်ချင်းပင် ဂရုမစိုက်ဘဲ ကျော်လိုက်သည်။

ဤအခြေအနေတွင် ရှိနေမည့်အချိန်မှာ ကန့်သတ်ချက်ရှိသဖြင့် သူသည် အစွမ်းကုန် အသုံးချရပေမည်။

ဟီးဟီး... စောင့်နေလိုက်ဦး မိန်းမ။ ကိုယ် မေ့နေတယ်လို့ မထင်နဲ့။ ကိုယ် အဲ့ဒီအကြောင်းကို ထုတ်မပြောပေမဲ့ ကိုယ့်စိတ်ထဲမှာတော့ အမြဲတမ်း စွဲထင်နေမှာပါ။

သူသည် သူ၏ နယ်ပယ်များဆီသို့ အာရုံပြောင်းလိုက်သည်။ သူသည် ၎င်းတို့ကို နိယာမများအဖြစ်သို့ အဆင့်မြှင့်တင်တော့မည် ဖြစ်သည်။ သူ စီစဉ်ထားသည့်အတိုင်း ကိုယ်ပိုင်နိယာမတစ်ခုကို မတွေ့ရှိသေးသော်လည်း လက်ရှိတွင် နိယာမတစ်ခု ပိုင်ဆိုင်ထားခြင်းက အလွန်ကောင်းမွန်လှသည်။ အထူးသဖြင့် လီယောင်းကဲ့သို့သော သူနှင့် နေ့တိုင်း ရင်ဆိုင်နေရချိန်မျိုးတွင်ပင်။

သူသည် ဗလာနှင့် ဆွဲအား နယ်ပယ်များကို အရင်ဆုံး အာရုံစိုက်ကာ ဂရုတစိုက် အဆင့်မြှင့်

တင်သည်။ သူသည် ၎င်းတို့ကို အကြွင်းမဲ့အဆင့်သို့ တွန်းပို့နေစဉ် ဉာဏ်အလင်းပွင့်သည့် အခြေအနေမှာ စတင်ယိမ်းယိုင်လာသည်ကို ခံစားလိုက်ရသည်။

"ဒုက္ခပဲ"

သူတွေးကာ သူ၏ အာရုံစူးစိုက်မှုအားလုံးကို အသုံးပြု၍ ပိုမိုပြင်းထန်စွာ တွန်းအားပေးလိုက်သည်။ နယ်ပယ်နှစ်ခုစလုံး အကြွင်းမဲ့အဆင့်သို့ ရောက်ရှိသွားသည်ကို သူ ခံစားလိုက်ရပြီးနောက် ရုတ်တရက် မြင်ကွင်းမှာ ပြောင်းလဲသွားကာ သူ၏ ခန္ဓာကိုယ်အတွင်းသို့ ပြန်လည်ရောက်ရှိသွားတော့သည်။

"တောက်"

သူ ကျိန်ဆဲလိုက်မိသည်။

သို့သော်လည်း သူ ပြုံးလိုက်မိသည်။ အားလုံးက အချည်းနှီးတော့ မဟုတ်ပေ။

နယ်ပယ်နှစ်ခုကို အကြွင်းမဲ့အဆင့်သို့ တင်နိုင်ခဲ့သော်လည်း ၎င်းမှာ တကယ့်ဆုလာဘ် မဟုတ်ပေ။

အကြွင်းမဲ့အဆင့် ဖြစ်နေရင်တောင် နိယာမတစ်ခုကို ယှဉ်နိုင်ဖို့ဆိုတာ မဖြစ်နိုင်သေးဘူးလေ။

တကယ့် ဆုလာဘ်မှာမူ နောက်ဆုံးစက္ကန့်ပိုင်းတွင် ဉာဏ်အလင်းပွင့်သည့် အခြေအနေမှာ မည်သို့ဖြစ်ပေါ်လာကာ လူတစ်ဦး၏ ဉာဏ်အလင်းကို မည်သို့ လှုံ့ဆော်ပေးသည်ဆိုသည်ကို သူ တွေ့ရှိလိုက်ခြင်းပင်။

ထိုတွေ့ရှိချက်မှတစ်ဆင့် သူသည် ဝိညာဉ်မြစ် အရှိန်လွန်ခြင်း မည်သို့ အလုပ်လုပ်သည်နှင့် ထိုအကျိုးသက်ရောက်မှုကို မည်သို့ လှုံ့ဆော်ရမည်ကိုလည်း ခန့်မှန်းနိုင်လိမ့်မည်ဟု သူ ယုံကြည်သည်။ ထိုသိမြင်မှုနှစ်ခုမှတစ်ဆင့် သူသည် ထိုအခြေအနေများအတွင်းသို့ သူအလိုရှိသလို ဝင်ရောက်နိုင်ရုံသာမက ပင်ကိုယ်ပါရမီကို အဆင့်မြှင့်တင်နိုင်မည့် သီအိုရီတစ်ခုကို

လည်း ဖော်ထုတ်နိုင်ပေလိမ့်မည်။

သူ၏ မျက်လုံးများမှာ စိတ်လှုပ်ရှားမှုကြောင့် တောက်ပနေသည်။ သူသည် ဤအရာများကို ရုတ်တရက် မည်သို့ နားလည်သွားတာလဲဟု တွေးတောမိရာမှ သတိရသွားသည်။

"ဪ... ဒါကြောင့်ကိုး"

သူသည် စနစ်မျက်နှာပြင်ဆီသို့ လှည့်ကြည့်လိုက်သည်။

[အမှန်တရားရှာဖွေသူ: မသေမျိုးအဆင့် (၀/၁၀၀,၀၀၀)]

သူသည် ထိုအလုပ်အကိုင်ကို အံ့သြစွာ ကြည့်နေမိသည်။ ဤအလုပ်အကိုင်က သူ၏ ဉာဏ်အလင်းပွင့်မှုကို များစွာ မြှင့်တင်ပေးထားသည်။ ထို့အပြင် သူ၏ သင်ယူနိုင်စွမ်းကိုလည်း အလွန်အမင်း မြင့်တက်စေသဖြင့် ပုံစံများကို ရှာဖွေဖော်ထုတ်ရန်နှင့် ချိတ်ဆက်ရန် ပိုမိုလွယ်ကူစေသည်။

ထို့အပြင် ၎င်းနှင့်အတူ ထူးခြားသော စွမ်းရည်နှစ်ခုလည်း ပါဝင်လာသည်။

ပထမတစ်ခုမှာ တရားဟောကြားခြင်းပင်။ ၎င်းမှာ ကျင့်ကြံခြင်းစာအုပ်များတွင် တွေ့ရလေ့ရှိသော တာအိုကို ဟောကြားခြင်းနှင့် တူညီသည်။

၎င်းက သူ့ကို အကြောင်းအရာတစ်ခုနှင့် ပတ်သက်၍ တရားဟောရန် ခွင့်ပြုသည်။ သူ ဟောကြားနေစဉ်အတွင်း နားထောင်သူများသည် ဉာဏ်အလင်းပွင့်သည့် အခြေအနေသို့ ရောက်ရှိသွားမည်ဖြစ်ပြီး သူ၏ ဟောကြားမှုအားလုံးကို သူတို့၏ ဉာဏ်အလင်းပွင့်မှုအဆင့်နှင့် သူ၏ အဆင့်အလိုက် အတိုင်းအတာတစ်ခုအထိ နားလည်သဘောပေါက်သွားမည် ဖြစ်သည်။

သူ၏ လက်ရှိ မသေမျိုးအဆင့် ဉာဏ်အလင်းပွင့်မှုဖြင့်ဆိုလျှင် သူ၏

ထုံထိုင်းလှသော ကလေးတွေကို တစ်ခုမဟုတ်တစ်ခု သိအောင် အတင်းအကျပ် သင်ပေးနိုင်တော့မည် ဖြစ်သည်။ ဤသည်မှာ တကယ့်ကို ကောင်းမွန်လှပြီး သူ အဆင့်မြင့်လာလေလေ သင်ကြားရ ပိုမိုလွယ်ကူလေလေ ဖြစ်ပေလိမ့်မည်။

တစ်ခုတည်းသော ပြဿနာမှာ တစ်ဖက်လူ၏ ဉာဏ်အလင်းပွင့်မှုမှာ အလွန်အမင်း နိမ့်ပါးနေပါက သူ၏ သင်ကြားမှုကို နားလည်နိုင်သော်လည်း လက်တွေ့တွင် ပြန်လည်မလုပ်ဆောင်နိုင်ခြင်းမျိုး ဖြစ်နိုင်သည်။

၎င်းကိုလည်း သူ၏ ပင်ကိုယ်ပါရမီဆိုင်ရာ သီအိုရီအသစ်ဖြင့် မကြာမီ ဖြေရှင်းနိုင်တော့မည် ဖြစ်သည်။

ဒုတိယမြောက် စွမ်းရည်မှာမူ... ဉာဏ်အလင်းပွင့်ခြင်းပင်။

***